# နိုင်ငံရေးအဖွဲ့အစည်းများနှင့်ငွေပြဿနာ

## နေမျိုးဝေ ရေးသည် ။ ( ၈.၈.၂၀၀၉ ) အမှတ်တရ

နိုင်ငံရေးအဖွဲ့အစည်းများ ဆိုရာတွင် နိုင်ငံရေးပါတီတွေ အဲဒါမှမဟုတ် နိုင်ငံရေးလုပ်ရန်ဟု ရည်ရွယ် ဖွင့်ဟ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ အားလုံးနဲ့သက်ဆိုင်ပါတယ် ။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအဖွဲ့အစည်းတွေ ပေါ်ခဲ့ကြဖူးပြီ ။ ပေါ်လည်း ပေါ်ပေါက်ရန် အခြေအနေရှိနေသည် ။ ကျွန်ုပ်တို့အနေနှင့်လည်း ပေါ်ပေါက်ရန်အားထုတ်နေသည် ။ ပြဿနာကား ...

ယနေ့မြန်မာနိုင်ငံတွင် စားဝတ်နေရေး နေ့စဉ်လူနေမှုအတွက် လှုပ်ရှားရုန်းကန်နေကြရတာကိုကပင် တိုက်ပွဲတစ်ပွဲလို ၊ တော်လှန်ရေးတစ်ရပ်လို ဖြစ်နေပါတယ် ။ ဒီလို အခြေအနေမျိုးမှာ စီးပွါးရေး အင်အားတောင့်တင်းခိုင်မာနေကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေသာ နိုင်ငံရေးနယ်ပယ်ထဲ ဆင်းလာကြပြီး နိုင်ငံ့ အရေးကိစ္စတွေကို စိတ်ဝင်တစား တာဝန်ယူလာကြမယ်ဆိုရင် မထောင်းတာလှ ။ တာဝန်လည်း ယူကြစေချင်ပါသည် ။

သို့သော် .. ယနေ့အချိန်အခါကား ညီအကိုမသိတသိအချိန်လို့ ပြောနိုင်ပါလိမ့်မယ် ။ အဆုံးအရှုံး အထိခိုက်များနိုင်တယ်လို့ တွက်ချက်နေကြတဲ့ စီးပွါးဥစ္စာ တောင့်တင်းသူတွေ နိုင်ငံရေးနယ်ထဲဆင်းမလာနိုင်သေးပါဘူး ။ မမြင်သာသေးပါဘူး ။ ဒါတွင်မက စိတ်ပါဝင်စား မြုပ်နှံနိုင်မှုကလည်း လိုပြန်ပါတယ် ။

ဟာမိုနီမဖြစ်တာက ..... စိတ်ပါဝင်စားကာ တာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်လိုသူများနဲ့ ဓနအင်အားဟာ မတွဲစပ်မိတဲ့ ပြဿနာပါဘဲ ။ ဒ့ါအပြင် နိုင်ငံရေးလုပ်ငန်းတွေဆိုတာကလည်း စာတွေ ၊ အသံတွေ ၊ ဗွီဒီယိုတွေ ဆိုတဲ့အခင်းအကျင်းတွေနဲ့ ပြည်သူကို တင်ပြနေရပါတယ် ။ ခရီးတိုတွေ ၊ ခရီးရှည်တွေ ထွက်ရပါတယ် ။ တိုတိုပြောရရင် ငွေကုန်ပါတယ် ။ စားဝတ်နေရေးတောင် မနည်းအားထုတ်ရတဲ့ ယနေ့အချိန်မျိုးမှာ ငွေဟာ အလှူခံ ဖြေရှင်းရတာတွေ ရှိလာပါလိမ့်မယ် ။

ငွေကြောင့် သံသယတွေ ၊ မယုံကြည်မှုတွေ ၊ အလွဲသုံးစားမှုတွေ ဟာလဲ ပူးတွဲပါလာကြမှာ မလွဲပါဘူး ။ ဒီတော့ ငွေစီမံခန့်ခွဲခြင်းကို ဖော်ထုတ်တင်ပြချင်ပါတယ် ။

ကျွန်တော်နေမျိုးဝေ ၊ ကိုသိန်းတင်အောင် ၊ ကိုဌေး ၊ ကိုသောင်းဝင်း ၊ ကိုသန်းမင်းစိုး စသူတို့ ဟာ ပြည်သူ့အကျိုးပြုပါတီ တစ်ရပ်ပေါ်ပေါက်ရေးကို ကြိုးပမ်းကြည့်နေပါတယ် ။ မကြာမီ ပါတီထူထောင်ရေး လုပ်ငန်းအဖွဲ့ တစ်ခုမှ ပါတီတစ်ရပ်ပေါ်ပေါက်ရေးကော်မတီ အဖြစ်ဖွဲ့စည်းပါမယ် ။ အဲဒီအခါမှာ အလှူခံတာတွေပါလာမယ် ။ ရံပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ကြေညာပါမယ် ။ ကျွန်တော်တင်သွင်းမဲ့ ရံပုံငွေဆိုင်ရာမူကြမ်းကတော့ ...

အကြမ်းအားဖြင့် တင်ပြရလျှင် ... ကျွန်တော်တို့ကို ယုံကြည်ပါဆို တာမျိုးဟာ မှားယွင်းပါတယ် ။ ယုံကြည်တာဟာလဲမှားပါတယ် ။ ကျွန်တော်တို့ကို နှစ်ရာ လည်းရောက်ပါတယ် ။ အဲဒါကြောင့် အလှူခံတဲ့အခါမှာ

(၁) အဖွဲ့အစည်းအတွက် အလှူခံခြင်း

(၂) တစ်ဦးတည်းအတွက်အလှူခံခြင်း ဆိုတာ ရှိပါမယ် ။

လှူတဲ့နေရာမှာလည်း အဖွဲ့အစည်းအတွက် လှူတန်းခြင်း ၊ ပုဂ္ဂိုလ်တစ်ဦးခြင်းကို လှူတန်းခြင်းဆိုတာတွေ ရှိပါမယ် ။

(၁) နိုင်ငံရေးအဖွဲ့အစည်း တစ်ခု ဖြစ်သည့်အတွက် အဖွဲ့အစည်းအမည်ခံကာ မည်သည့် စီးပွါးရေးမျှ လုပ်ဆောင်ခြင်းမရှိစေရ ။ ( အမည်ခံလုပ်စားကိုရှောင်ရန် )

(၂) အဖွဲ့အစည်းအတွက် အလှူခံသော ငွေကြေးကို နှစ်ဦးနှင့်အထက်ရှိသော ကော်မတီဝင်များနှင့်သာ လက်ခံရယူရမည် ။ ( ပါးစပ်နှစ်ပေါက်ကမလုံ )

(၃) လှူသောပုဂ္ဂိုလ်များ ၊ အဖွဲ့အစည်းများ မှ ကော်မတီဝင် တစ်ဦးတစ်ယောက်တည်း ရှိချိန်တွင်လှူတန်းပါက ထိုသူ တစ်ဦးတည်းကိုသာ လှူတန်းသည်ဟု မှတ်ယူမည် ။ ထိုသူမှ အဖွဲ့သို့ပြန်လည်ပေးအပ်ခြင်း ၊ မပေးအပ်ခြင်းသည် ငွေလက်ခံသူကော်မတီဝင်၏ ဆန္ဒအရသာဖြစ်စေရမည် ။ (လှူတန်းသူမှ အဖွဲ့သို့လှူတန်း ခြင်းသာ ဖြစ်ပါတယ် ငွေလက်ခံသူ တစ်ဦးတစ်ယောက်အားလှူတန်းသည် မဟုတ်ပါဟုရှုပ်ထွေးခြင်းကို လက်သင့်မခံပါ ။)ငွေလှူသူဘက်ကစောင့်ထိန်းရမည် ။
( ပြည်သူ / လှူတန်းသူဘက်က အဖွဲ့ကို လှူသည်ဆိုပါက နှစ်ဦးနှင့် အထက်ကိုသာ လှူတန်းရန် တာဝန် ရှိကြောင်း ပြဆိုလိုရင်းဖြစ်ပါသည် ။ ဘိုင်သပီးပယ်လ် ) နှင့်
( အဖွဲ့ ပြိုကွဲရန် ထောင်ချောက်ဆင်ခြင်းကို ကာကွယ်ရန်ရည်ရွယ်ပါသည် ။ )

(၄) အဖွဲ့အတွင်း မည်သည့် အလှူခံရငွေ ၊ မည်သို့ သုံးစွဲသည်ကို ဝဘ်ပေ့ချ်တွင်အမြဲတမ်းဖော်ပြရှင်းလင်းထားရမည် ။ ( ပွင့်လင်းမြင်သာမှု )

(၅) တည်ဆဲဥပဒေအရ လိုအပ်သလို အစစ်ဆေးခံနိုင်စေရမည် ။ ( ဥပဒေလိုက်နာ )

(၆) ဤမူကို အများပြည်သူသိရန်ကြေညာရမည် ။

အလျှင်းသင့်လို့ အမေရိကန် နိုင်ငံရေး လောကရဲ့ အလှူခံခြင်းကိုစပြောပါမယ် ။ ၁၉၉၆ လောက်အထိ ခန့်မှန်းပါသည် ။ နောက်ဆုံးအခြေအနေဟုတ်မဟုတ်မသေချာပါ ။

(၁) " လွှတ်တော်ကိုယ်စားလှယ်များသည် လူတစ်ဦးစီထံမှ ဒေါ်လာ ၅၀၀၀ ထက်မပိုသော ငွေကြေးကိုသာ လက်ခံခွင့် ရှိသည် ။ " ( ဩဇာခံရုပ်သေးရှောင်ချင် )

(၂) "ဒေါ်လာ ၁၀၀ အထိသာ ငွေသားအဖြစ်လက်ခံရမည် ။ ဒေါ်လာ ၁၀၀ ကျော်သော ပမာဏကို ချက် ဖြင့် လှူတန်းရမည် ။" ( ပွင့်လင်းမြင်သာစေချင်လို့ )
အဲသလို မှတ်သားရဘူးပါတယ် ။

ဒီနေရာမှာ ရှင်းအောင်ပြောရလျှင် ကျွန်တော်တို့ လည်း သစ်သားရုပ်တွေမဟုတ် "မမ်မမ်အိ "ရလေသည် ။ ဘောစေ့တွေမဟုတ် ။ တာဝန်ယူမဲ့သူမရှိလို့ ဇွတ်ယူနေတာဖြစ်သည် ။ အိမ်က မိန်းမထံမှ နိုင်ငံရေးလုပ်ဖို့ ငွေတောင်းသော် လွှတ်လပ်ရေးပင် ရသွားဖွယ်မြင်သည် ။

မိန်းမက မမ်မမ်တော့ ကျွေးမည် ။ နိုင်ငံရေး လုပ်ရန်တော့ပေးမည်မဟုတ် ။ ငွေမရှိဘဲ နိုင်ငံရေးဝင်လုပ်နေရတာကလည်း အကြောင်း ရှိသည် ငွေကြေးတောင့်တင်းသူတွေက ဘာစကားမှ မပြော ငြိမ်ငြိမ်လေး မှိန်းနေသည် ။ ကျွန်တော်တို့ မလုပ်က လူမရှိ ။ လူလိုသည် ။ အချို့ လူများ နိုင်ငံရေးကို ရှောင်နေရတာတွေ ငွေ မရှိလို့တွေ့ နေရသည် ။ နိုင်ငံရေးငွေသည်လည်း ဆီးဆင်းလိုလျှင် ဒလဟော ။ ဩဇာခံလိုလျှင်အိုကေ ။ ပေကပ်ကပ်လုပ်လျှင်ကျောပြတ် ။ ထို့ကြောင့် အလှူခံရခြင်း ဖြစ်သည်ကို နားလည်ကြစေချင်ပါသည် ။ တစ်သီးပုဂ္ဂလလုပ်ရတာက ငွေကြေးသိပ်မလို ပါတီအဖြစ်မြင်လိုသူတွေ ရှိတော့ ခွက်ထိုးခံပြီးငွေရှာရတော့မည် ။

သမုဒယတော့ မရှိ ။ ငွေရှာမရလျှင် တစ်သီးပုဂ္ဂလဝင်ယုံသာ ဖြစ်လေသည် ။ ယုံကြည်ချက်မရှိတာ မဟုတ် သမုတိသဘော ၊ အနေကန်သဘောကို လက်ခံနိုင်တာဖြစ်ပါတယ် ။ တရားကျစရာ ရှေးဟောင်းနိုင်ငံရေး ပြောမည် ။ အဘ သခင်တင်မြတို့ခေတ်က သခင်တင်မြကို အညာလွှတ်လိုက်တာ ငွေနှစ်သောင်းပေးလိုက်သည် ။ ငွေနှစ်သောင်းကား ယခုခေတ်လိုမဟုတ် ဟော်တယ်လုပ်ငန်းရှင်တောင်လုပ်နိုင်လောက်သည့်ငွေပမာဏဖြစ်သည် ။

ကျွန်တော်တို့ခေတ် ကိုရွှေသူဌေးများကား ဘီယာဆိုင်မှာ ပန်းကုံးစွပ်တာတော့မနေမြော ။ ဘောလုံးသမားတွေတော့ လစာ သိန်း ၂၀ လောက်ပေး မွေးနေသည် ။ နိုင်ငံရေးသမားတွေလည်း မွေးကြဖို့ တိုက်တွန်းချင်သည် ။

နိုင်ငံရေးသမားတွေကလည်း ငွေလေး နှစ်ပြားတစ်ပဲဖိုးရလျှင် ''နွားငတ်နဲ့ကောက်ရိုးဆွေး ''လို ပြေးပြီးဓါတ်တည့်နေကြသည် ။ ယနေ့မြန်မာ့နိုင်ငံရေးလောကမှာ ကျွန်တော်သိထားတဲ့ လျှို့ဝှက်ချက်တွေ တော်တော်များများရှိနေသည် ။ တရုပ်သိုင်းကား စကားနှင့် ပြောရလျှင် သေသင့်နေပြီ ။

အထာထားနေလို့ဖြစ်သည် ။ နိုင်ငံရေးသမားတွေဘက်က ပွင့်လင်းမြင်သာမှုတွေ ရှိဖို့လိုသည် ။ သို့မဟုတ်ပါက ကိုယ်ပေါင်ကိုယ်လှန်ထောင်း လုပ်ရတော့မည် ။ မယုံမရှိလေနှင့် ။

ကာတွန်း ဦးဘဂျမ်းရဲ့ ကိုယ်ပေါင်ကိုယ်လှန်ထောင်းဟာသတစ်ကွက်ဖတ်ဘူးသည် ။ ရသေ့ကြီး ဦးဖျောက်ဆိတ် ...... နဲ့ ဒကာတစ်ယောက် .......

ဒကာ – ရသေ့ကြီးဟာလေ ကိုယ့်အချင်းချင်းကို သိပ်နှိပ်တာဘဲ ။ ကိုယ်ပေါင်ကိုယ်လှန်ထောင်းတဲ့ဝါဒထင်တယ် ။

ဆိတ် – ဒကာပုက ဘာသိလို့တုံး ကိုယ်ပေါင်ကိုယ်လှန်ထောင်းတယ်ဆိုတာ သိပ်နိုပ်တာဗျ ။ ကိုင်း ထောင်းကြည့် ။

ဒကာပုကား ပုဆိုးလေးလှန်၍ အသားလေးထောင်းလေ ၏

ဆိတ် – ဟောကြည့် အသာကလေးရယ် ။
ကိုယ်ပေါင် ကိုယ်မထောင်းဘဲ သူများက လာထောင်းတော့ ဟောသလို ... ဟောသလို ဆိုပြီး အသကုန် ထထောင်းပါလေရောဗျို့ .....
ဦးဖျောက်ဆိတ်က ဝတုတ်တောင့်တောင့်ကြီး ။ ဒကာပုက ပိန်သေးပုညှက်လေး အာပြဲပြီးအော်နေတဲ့ပုံဗျာ .. ပုံဟောင်းတွေ ရှာမရလို့ .......

မကြာမီ ရန်ပုံငွေမူဝါဒတွေ ကြေညာပါမည် ။

နေမျိုးဝေ ( ၈.၈.၂၀၀၉ )

၈၈၈၈ အတွက် အမှတ်တရ ယခင်ဆောင်းပါးလေးတွေနဲ့ မနေ့က ဘီဘီစီက ဆွေးနွေးတဲ့ သပန ဝန်ကြီးကို ထောက်ခံတဲ့ ပညာရေး စကားဝိုင်းအတွက် ယခင်လက်ရာများ ထည့်ပေးလိုက်ပါတယ် ။

လူဘို ၆၀၁ အတ် ဂျီမေးဒေါ်တ်ကွန်း ၏ မေးခွန်းများနှင့် ကျွန်ုပ်၏အဖြေများ(နေမျိုးဝေ)

**၁၊ ဒီမိုကရေစီ. သဘောသဘာဝများသည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ။ အခြေအနေများနှင့် ကိုက်ညီမှု ရှိပါရဲ့လား၊**

(က) မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ( ဘာသာရေး။ ပညာရေး။ အုပ်ချုပ်ရေး) ဒီမိုကရေစီနှင့် ထိပ်တိုက်ဆန့် ကျင်မှုဖြစ်စေမယ့် အချက်တွေကဘာတွေလဲ။ ဘာကြောင့်လဲ၊

**ဘာသာရေး။** ။ဗုဒ္ဓဘာသာ၏ အန္တိမရည်မှန်းချက်သည် မိမိတို့၏ လောကမှ လွတ်မြောက်ရေးဖြစ်နေရာ။ ပရဟိတအရာတွင် မိမိအတွက်အကုသိုလ်အကြောင်းများဖြစ်ပေါ်စေပါကရှောင်ကျဉ်ကြသော်လည်း မိမိ အတ္တအတွက်ယှဉ်လာပါမူ အရာရာကို ဥပေက္ခာပြုကာ အတ္တကို ထူထောင်ခြင်း ။ ထေရဝါဒ၏ တရားကိုယ် သဘောကိုယ်တိုင်က ထေရ်ကြီးဝါကြီး၏ စကားကိုနားထောင်ရသည့်အလေ့မှားတစ်ချက်။ဗုဒ္ဓ၏ကာလာမ သုတ္တန်ကဲ့သို့သောလက်တွေ့ဆန်မှုများကို လူတိုင်းနီးနီးကြားဘူးသော်လည်း လူတိုင်းနီးနီးမကျင့်သုံးခြင်းလက်တွေ့ကျင့်ရမည်ဟုနားလည်ထားပြန်လျှင် နိဗ္ဗာန်ရောက်ကြောင်းကိုသာ လက်တွေ့ကျင့်ရမည်ဟု ထင်မှတ်မှားနေခြင်း။ဗုဒ္ဓ၏ တရားတော်များသည် (ပိတကဌ်တော်များသည်)ရှေးနှင့်နောက် ဆန့်ကျင်မှုများရှိနေကာ လိုသည့်နေရာလိုသလို ဆွဲသုံးပြောဆိုနိုင်ခြင်းနှင့် “ကံ”ကို အလုပ်ဟု သိပါလျက် ယခင်ဘဝက ကောင်းမှုမကောင်းမှုကို ယခု ဘဝတွင်းသို့ ဆွဲသွင်းစဉ်းစားကာမှားယွင်းနေခြင်း။ (မပြောချင်တော့ပါ များပ မှားလှ) ။

**အကြောင်းကား** ။ “လှေနံဓါးထစ်မှတ်သားထားသော အစွဲနှင့် လိုသလို စွဲသုံးချင်သော အတ္တကြောင့်ဖြစ်သတည်း။ ”

**ပညာရေး။** ။ ယနေ့အထိ စာသင်သားကို မည်ကဲ့သို့ ဗဟိုပြုသင်ကြားသင့်သည် (စီစီအေ)ကို ဆရာ အများစုက နားမလည်သေးခြင်း။ “ စီစီအေ ” စာသင်သားဗဟိုပြုသင်ကြားရေးနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးသော စကားဝိုင်းများတွင်ပါဝင်ဆွေးနွေးသူများကိုယ်တိုင် မျက်စေ့လည်နေခြင်းကိုလည်း ရှင်းပါမည်။

ဥပမာ – ဆရာမဒေါ်မေငြိမ်းကိုယ်တိုင် စီစီအေ အကြောင်းပြောနေရင်း သင်ထောက်ကူပစ္စည်းဘက်သို့ မျက်စေ့လည်သွားပါသည်။ သင်ထောက်ကူပစ္စည်းဟူသည် ရှိလေကောင်းလေဆိုသည်ကို ကျွန်တော်တို့ လိုအင်ဂျင်နီယာတစ်ယောက်အတွက် အထူးပြောရန်မလိုပါ။ စီစီအေ နှင့် ပတ်သတ်ပြီး ပြောသောအခါ သင်ထောက်ကူပစ္စည်းသည်အဓိကမဟုတ်ပါ ။ စာသင်ခန်းပုံစံသည် ဝိုင်းဖွဲ့ရမည်လည်းမဟုတ်ပါ။ ပုံမှန်စာသင်ခန်းနှင့် ပုံမှန်ရှိရိုးရှိစဉ် သင်ထောက်ကူပစ္စည်းသာဖြစ်ပါစေရပါသည်(မရှိလည်းရ)။ လုံးဝပြင်ရမည်ကတော့ အမှတ်ပေးစည်းမျဉ်းပုံစံသာဖြစ်ပါသည်ခင်ဗျား။ စာသင်သားဗဟိုပြု သင်ကြားရေးစနစ်ကို အလွယ်ဆုံးနားလည် အောင်ပြောဆိုရလျှင် “ ကလေး၏အမြင်ကို လက်ဝါးကြီးမအုပ်သောသင်ကြားနည်း” ဟူ၍သာပြောလိုပါသည် ။

ဆရာက မည်သည့်ဘာသာကို သင်နေသည် မည်သည့်အကြောင်းကိုပြောနေသည်ဖြစ်ပါစေ ကလေးတွေအနေနဲ့ လက်ခံ၏လက်မခံ၏ကို မေးမြန်းရန်နှင့် ဖြစ်နိုင်၏ မဖြစ်နိုင်၏ကို သုံးသပ်ရန် မေးမြန်းရန် ကလေးတွေမှ ပြန်လည်မေးမြန်းဆွေးနွေးနိုင်ရန်ကိုသာ သင်သင့်ပါသည်။ မြန်မာစာ လို ဘာသာမျိုး / သမိုင်းလိုဘာသာမျိုးတွင်ပို၍ ပင်သင်၍ကောင်းပေသေးသည်။ ၁၀ တန်း မြန်မာစာမှ “ ဦးပေါင်းကြားနှင့်မြင်းကျားရှင်”ကို နမူနာသင်ပြပါမည် ။ ဤနေရာ၌ ကျွန်ုပ်က ကလေးနေရာမှ နေခြင်းဖြင့်စပါမည်။ ဇာတ်လမ်းအကျဉ်း –

“အလောင်းစည်သူမင်းကြီး / ညီလာခံမှာ လက်မြှောက်ကြုံးဝါး/ လက်အရေးပြားလျှော့ကြတာကို အမတ်တွေမြင် ခိုးပြီးရယ် / မင်းကြီးအမျက်ထား / တစ်နေ့ ညီလာခံမှာပြောတာက – တူရွှင်းတောင်ခြေမှာ ခေါင်းပေါင်းအကျား နှင့် မြင်းကျားစီးပြီး သူခိုးတစ်ယောက် သောင်းကျန်းနေတယ် အမတ် ၄ ယောက် နင်တို့သွားဖမ်း / မမိရင် နင်တို့ကို သတ်မယ်လို့ပြော ။ ညနေသို့ ရောက် အမတ် ၄ ယောက်ဖမ်းရန်သွား – အလောင်းစည်သူမင်းကြီးက သူ့လူယုံကို ခေါ်ပြီးမှာ ငါမလာမချင်း တံခါးမပိတ်နဲ့တဲ့ – သူ့ကြည့်တော့ မြင်းကို ပိတ်ဖြူနဲ့ အကျားပတ် ၊ ခေါင်းပေါင်းကျားကြီးနဲ့ ။ လိုက်ပီ /တွေ့ပီ/ တိုက်ပီ / မြင်းမောလို့ ညောင်ဦးကမ်းပါးရေသောက်ဆင်း၊ ဒုတိယတချီ ပွဲကြီးပွဲကောင်း အမတ်တွေကို အပီဖြဲခြောက် အမတ်တွေကြောက်လို့ ပြေးသွား ၊ နောက်တနေ့ညီလာခံမှာ အမတ်တွေကိုမေး / မိသလား/ အမတ်တွေက

အပိုဖြဲခြောက် အမတ်တွေကြောက်လို့ ပြေးသွား ၊ နောက်တနေ့ညီလာခံမှာ အမတ်တွေကိုမေး / မိသလား/ အမတ်တွေက ထိုသူသည် လူရိုးရိုးမဟုတ် နတ်ဘီလူးဖြစ်နိုင်ကြောင်း လူဆိုလျှင် ဘုန်းကံရှိသူဖြစ်နိုင်ကြောင်း တစ်တိုင်းပြည်လုံးရှိစစ်သည်ရဲမက်အားလုံး ဝိုင်းဖမ်း တာတောင် မမိနိုင်ကြောင်းပြော / မင်းကြီးက ငါမအိုသေးလို့ပြော / အမတ်များတယ်ကြောက် ။ ”

ဇာတ်လမ်းဆုံးပီ။

အဲဒီမှာ အလောင်းစည်သူမင်းကြီးအကြောင်း ရေးကြလို့ ဇာတ်သိမ်းရင် – အလောင်းစည်သူမင်းကြီးဟာ ဘုန်းလက်ရုံးနဲ့ ပြည့်စုံတဲ့မင်းကြီးဖြစ်ကြောင်းဖြေလျှင်အမှတ်ရ ။ အဲဒါ ... ဆရာမတွေ ကိုယ်တိုင်က အဲလိုဖြေမှ အမှတ်ပေး တာ ။

ကျွန်တော် ၁၀ တန်းတုံးက အောက်ပါအတိုင်းဖြေခဲ့ပါတယ် အမှတ်မရကြောင်းပါဗျား ။ ဆရာမကရိုက် ကြောင်းပါဗျား ။

**ကျွန်တော်၏အဖြေ –**

“ ဦးပေါင်းကျားနှင့်မြင်းကျားရှင်”စကားပြေသည် လွန်စွာ စိတ်ဝင်စရာကောင်းလှပါသည် ။ သို့သော် စကားပြေရေးသူ ဦးကုလားကြီးသည် မြုပ်ကွက်များကို ထည့်သွင်းနိုင်ခဲ့သော်လည်း သူကိုယ်တိုင် မေ့လျော့နေသော ဟာကွက် သုံးခုကို အဓိကတွေ့ရပါသည်။ ၎င်းတို့မှာ –

(၁) ။ မင်းကြီး၏လူယုံမှ မင်းကြီး မြင်းအကျားစီး၍နှင့် ခေါင်းပေါင်းအကျားဆောင်းသွားသည်ကိုမြင်ခြင်း ။

(၂) ။ ပထမအချီ မြင်းမော၍ ညောင်ဦးကမ်းပါး၌ရေသောက်ခြင်း ။

(၃) ။ အမတ်များကနောက်တနေ့ညီလာခံတွင် ထိုသူသည် လူရိုးရိုးမဟုတ်နတ်ဘီလူးဖြစ်နိုင်ကြောင်း လူဆိုလျှင် ဘုန်းကံရှိသူဖြစ်နိုင်ကြောင်း တစ်တိုင်းပြည်လုံးရှိ စစ်သည်ရဲမက်အားလုံးဝိုင်းဖမ်း တာတောင် မမိနိုင် ကြောင်းပြောဆိုခြင်း ။

**ရှင်းလင်းချက် ။ (၁)**

မင်းကြီး၏လူယုံသည် မင်းကြီးအကျိုးကိုလိုသူဟု ယေဘူယျ တွက်ချက်နိုင် ၊ လူယုံသည် နေ့လည်က အမတ်များကို သူခိုးနှိမ်နင်းခိုင်းတာသိနိုင် ၊ ထို့ကြောင့် အမတ်များနောက်သို့တိတ်တဆိတ်လိုက်၍ လက်လွန်ခြေလွန်မဖြစ်ရန် ပြောခိုင်း နိုင် ။ ထိုဟာကွက်သည် အားပျော့လှသေးသည် ။

**ရှင်းလင်းချက် ။ (၂)**

ပထမအချီ မြင်းမော၍ ရေသောက်ဆင်းပြီးနောက် မင်းကြီးလက်ရည်တက်လာ ။ မင်းကြီးကော မမောနိုင်ဘူး လား ။ ရေသောက်တုံး လူယုံသည် အမတ်ကြီး ၄ ယောက်နဲ့ မတွေ့နိုင်ပါသလော ။ ထိုဟာကွက်သည်လည်း အားပျော့လှပါသေးသည် ။

**ရှင်းလင်းချက် ။ (၃)**

နောက်နေ့ ညီလာခံမှာ ထိုသူသည် လူရိုးရိုးမဟုတ် နတ်ဘီလူးဖြစ်နိုင်ကြောင်း လူဆိုလျှင် ဘုန်းကံရှိသူဖြစ်နိုင်ကြောင်း တစ်တိုင်းပြည်လုံးရှိ စစ်သည်ရဲမက်အားလုံးဝိုင်းဖမ်း တာတောင် မမိနိုင်ကြောင်းပြောဆိုခြင်း ။ ထိုဟာကွက်ကတော့ အားကောင်းပါသည် သူခိုးတစ်ယောက် ဘုန်းကံရှိကြောင်း / တစ်တိုင်းပြည်လုံးရှိစစ်သည်ရဲမက်များ ဝိုင်းဖမ်းတာတောင်မရနိုင်ကြောင်း ပြောလိုက်တာကတော့ အဆိုပါ မြင်းကျားရှင်ဟာ ခိုးသူယောင်ဆောင်ထား သောမင်းကြီးဖြစ်ကြောင်းမသိဘဲ အမတ်တွေကပြောရဲလိမ့်မည်မဟုတ်။ ထို့ကြောင့် ဦးကုလား သည် ဟာကွက်များနှင့် ဇာတ်လမ်းဆင်ထားပါကြောင်း ကောက်ချက်ချပါသည် ။

## ဟုတ်ကဲ့ မိုက်ခေါက်ဆွဲလိမ်ပြီးစာအုပ်ဆွဲလွှင့်ပြစ်ပါတယ်ခင်ဗျား ။

ကျွန်တော့်ကောက်ချက်ကို အမှတ်ပေးနိုင်သော အမှတ်ပေးစည်းမျဉ်းမဟုတ်သရွေ့ စီစီအေ မဟုတ်ပြီ ။ သင်ထောက်ကူပစ္စည်းမလိုပါဘူး ။ ဝိုင်းဖွဲ့လိုက်ဖို့ မလိုပါဘူး ။ ကျွန်တော့်ကောက်ချက်မျိုးကို အမှတ်နည်းနည်းပေးနိုင်ရင် “ စီစီအေ ” ဖြစ်ပါပြီခင်ဗျား ။ ဒီလို အမှတ်ပေးတာနဲ့ “ စီစီအေ” ကမဆိုင်ဘူးဆိုရင်လဲ ကျွန်တော်ကတော့ ဒါမျိုးမဟုတ်လျှင် မတိုးတက်နိုင်လို့ သုံးသပ်ပါသည် ။

စီစီအေ သည် ကျောင်းသားဘက်က ပြုပြင်ဖို့မလိုပါ ။ ဆရာတွေဘက်ကသာ ကျွန်တော်တို့ ရင်ထဲက ခံစားချက်များကို နားလည်ပေးပြီး အမှတ်ပေးလိုက်ပါ ကျွန်တော်တို့ နောက်ပေါက်လူငယ်တွေက စီစီအေ ဖောင်ဝင်ပြီးသားဖြစ်ပါကြောင်း တင်ပြအပ်ပါသည် ။

သမိုင်းသင်ရာတွင်လည်း အပေါ်ထည်မှတ်တမ်းဖတ်ယုံနှင့် အတ္ထုပ္ပတ္တိ ကိုသာ သင်နေသကဲ့သို့ဖြစ်ခြင်း။ ဒါဝင်၏ အီဗော်လူးရှင်းသီအိုရီကိုမသင်ခြင်း။ ကြားဘူးသူပင်နည်းခြင်း။

ကျွန်တော်အဖေများ လက်ထက်က ဒါဝင်၏ သီအိုရီကို " လူသည်မျောက်ကဆင်းသက်သည်" ဆိုပြီး မှတ်သားနားလည်ခဲ့ – ဟာသလုပ်ခဲ့ကြပါသည် ။ အမှန်က ဒါဝင် ပြောလိုသည်မှာ ဇီဝဖေဒ ရှုထောင့်မှ နေမှလွင့်လာသော ချော်ရည်တုံးကြီးအေးခဲပြီးသကာလ ပရိုတိန်းနှင့် ဗိုက်တာမင်တို့ ၏ အစမှ ရေညှိ ဘဝမှ ဆင့်ကဲ တိုးတက်ပြောင်းလဲပြီး သက်ရှိ ဇီဝရုပ်များ ဖြစ်ပေါ်လာကြောင်း သီအိုရီဖြစ်ပါသည်။ လူသည်မျောက်မှဆင်းသက်သည်ပင်မဟုတ် ရေညှိမှ ဆင်းသက်သည်သို့ပင် နားလည်းရမည်ကိုး ။ မျောက်ကနေဆင်းသက် မဟာ ဗြဟ္မာကြီးပျောက် / ၆ ရက်နဲ့ဖန်ဆင်းတာပျောက် ဝိုင်းဟားကြ ယနေ့အထိမသင်ကြ ။ ပြီးပါလေရောဗျို့ ။

"ရွှေကူမေနှင်းဘာသာပြန် "အမေရိကန်အစိုးရ စာအုပ်စာမျက်နှာ – ၆၃ ။ ကျောင်းများတွင် ဘုရားရှိခိုး ခြင်း ၊ ကျမ်းစာဖတ်ခြင်းများပြုလုပ်ခွင့် မပေးပေ။ ဘုရားသခင်၏ ကမ္ဘာလောကကို ဖန်ဆင်းခြင်းအကြောင်းကို ဒါဝင် ၏ ဆင့်ကဲပြောင်းလဲမှု သီအိုရီ နှင့် တန်းတူစာသင်ချိန် တောင်းခြင်းကိုလည်း တရားရုံးချုပ်က ပယ်ချလေသည်။ အစိုးရကျောင်းများသည် မိမိကျောင်းသားများအား ကျောင်းချိန်၌ ဝတ်ပြုရန် ခွင့်မပြုချေ။ ကျောင်းချိန်အတွင်း အားလပ်ချိန်များရှိရာ၌အားလပ်ချိန်၌ ဝတ်ပြုရန်သွားခြင်းကိုကား ခွင့်ပြု၏။

လူ့သမိုင်းအစကို ဗုဒ္ဓ ခေတ်လောက်ကသာ စ၍ ပြောတတ်ကြခြင်း။ မြန်မာဟူသော လူမျိုးစကတည်းက သိပ္ပံပညာ နှင့် အာကာသကိုသိပ္ပံနည်းကျ တခါမှ မလေ့လာဘူးသေးခြင်း။ အာကာသကို ဗေဒင်အတွက်လောက်သာ သုံးတတ်ခြင်း။ အာအက်ဖ်အေ ကပင်လျှင် တိုင်းရင်းသားအစီအစဉ်တွင် ကြက်ဖကြီးက ကြက်မကြီးကို ရစ်ကာ ကသောအက ကိုတီထွင်ခဲ့သည့် တိုင်းရင်းသားဓလေ့များကို အချိန်ပေးဖော်ပြနေခြင်းဖြင့် ဒါဝင်၏ သီအိုရီကို အချိန်ပေးဖော်ပြရ ကောင်းမှန်း မသိခြင်း။ စကားဝိုင်းတစ်ခုစခဲ့လျှင် ဇာရဲနှင့် ဘုရား အနည်းဆုံး နှစ်ကြိမ်ခန့်ပါ နေခြင်း ။

**အကြောင်းကား** ။ ။ " ပညာရေးအပေါ် ဘယ်လိုရှုမြင်သင့်သည်ကို တခါဘူးမျှကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးကြခြင်းမရှိခြင်း။ မြန်မာစာပေကို လေ့လာရာတွင် အသုံးချ မြန်မာစာအကြောင်း မလေ့လာဘဲ အသုံးချရန်မစဉ်းစားဘဲ မြန်မာစာကို နောက်ကြောင်းပြန်လှမ်း ၊ အရေးအသားကို ဂုဏ်တင် ၊ ပုဂ္ဂိုလ်တွေအကြောင်းသင်နေရတာ ပြောနေရတာကို စာသမားပေသမား ပညာရှင်များအာတွေ့နေကြခြင်းကြောင့် ဖြစ်သ တည်း ။"

# ပညာရေးဆိုသည်မှာ

အောင်ထွဋ်

ပညာရေးနှင့်ပတ်သက်၍လွဲမှားသော အယူအဆအမျိုးမျိုးကိုတွေ့မိသောကြောင့် ဤအကြောင်းကို အထူးပင်ရေးချင်စိတ်ဖြစ်မိပါသည် ။ ဤနေရာတွင် ပညာရေးဆိုသည်မှာ ကျောင်းသင်ပညာရေးခေါ်လူသိများသော ပုံမှန်ပညာရေးကိုဆိုလိုပါသည် ။ မိဘများ ၊ ဆရာများ ၊ ကျူရှင်ဆရာ / ဆရာမများ ၊ (Guide)(ဂိုဒ်)များနှင့် ကျောင်းသားများအားလုံးက ဝိုင်း၍ အမှတ်ကောင်းအောင် အရေအတွက်အဓိကမှုဖြင့် အမှတ်နောက် လိုက်နေကြသည်မှာ ပုံမှန်လုပ်ငန်းစဉ်သဖွယ် ဖြစ်လာနေသည်ကို တွေ့ရသောကြောင့်ဖြစ်သည် ။

စာရေးသူဘွဲ့လွန်တက်စဉ်က စာသင်ခန်းပထမဆုံးနေ့တွင် ပါမောက္ခတစ်ဦးပြောခဲ့သောစကားများကို ယနေ့တိုင် မှတ်မိနေပါသေးသည် ။

(၁) တို့ကျောင်းကသင်ပေးမဲ့ပညာဟာ (How to think)(ဟောင်းတူသင့်ခ်) သာလျှင်ဖြစ်တယ် ။

(၂) နောက်တစ်ချက်က(How to learn yourself)(ဟောင်းတူလန်းန်ယော်ဆက်လ်ဖ်) ။

(၃) ပါမောက္ခဖြစ်တဲ့ တို့မှာလဲ အဖြေမရှိပါ။ သင့်အဖြေလည်းမှန်နိုင်တယ် ။

(၄) ဦးနှောက်ကြီးပြီး (Critical Thinking)(ခရစ်တီကယ်သင်းကင်း)ခေါ်ဖောက်ထွက်တွေးတော နိုင်သူအားလုံးတို့ကျောင်းမှာရှင်သန်နိုင်မယ် ။

(၅) ဦးနှောက်သာလျှင်အဓိကဖြစ်ပြီး အသက်အရွယ်က အဓိကမဟုတ်ပါ။ ဘယ်အရာမှ အသက် အရွယ်ဖြင့်မတိုင်းတာပါ ။

(၆) စာသင်ခန်းထဲမှာဆက်ဆံရေးမူဝါဒက (Agree to disagree)(အဂရီး တူ ဒစ်အဂရီး) မတူညီသောသဘောထားရပ်တည်ချက်များဖြင့် အတူတကွရပ်တည်ရန် သဘောတူခြင်းဖြစ် တယ် ။

အထက်တွင်ဖော်ပြခဲ့သော ပညာရေးဆိုင်ရာအယူအဆများကိုကြည့်လျှင် စာရေးသူတို့ပတ်ဝန်းကျင် တွင်ရှိနေသော (Conventional)(ကွန်ဗန်ရှင်နယ်)ပညာရေးဆိုင်ရာ အယူအဆများနှင့် ပြောင်းပြန်ဖြစ် နေသည်ကိုတွေ့ရသည် ။ အတန်းတင်စာမေးပွဲမရှိ သလောက်ဖြစ်ပြီး (Open book)( အိုးပန်းဘုတ်ခ်) ခေါ် စာအုပ် ကြည့် ဖြေခွင့်ရှိသော သင်ကြားရေးစနစ်ကို မြန်မာကျောင်းသားအနည်းငယ်သာကြားဖူးမည်သာထင်ပါ သည် ။

ပညာရေးနှင့်ပတ်သက်၍ အထူးပင်အရေးကြီးသောအချက်မှာ ပညာဆိုသည့် တစ်စုံ တစ်ရာသောအယူအဆကို ပုံသွင်းပေးခြင်းမဟုတ်ဘဲ လွတ်လပ်စွာတွေးခေါ်တတ်စေရန် ရေလောင်းပေါင်းသင်ပေးခြင်း သာဖြစ်သည်ဆိုသောအချက်ဖြစ်သည် ။ အရာရာကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်တတ်စေရန် သင်ကြားပေးခြင်းလည်းဖြစ်သည် ။

အမှန်အားဖြင့်ပညာရေးပုံသဏ္ဌာန်များသည် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိဖြစ်ထွန်းတည်ရှိနေသော ပစ္စက္ခအနေအထားများနှင့် လိုက်လျောညီထွေဖြစ်စေမည့် လူသားများ မွေးထုတ်ပေးသော သဘောရှိသည်ကို တွေ့ရသည် ။ အာရှတိုက်၏ (Oriental Culture)( အိုရီရန်တယ်ကာလ်ချာ ) တွင် ကြီးသူ ၊ ငယ်သူ ၊ အထက်အောက် စသည်များကို အထူးအလေးပေးပြီး မတူညီသည့် သဘောထားများ အတူတကွ ရှင်သန်ရန်ခက်ခဲသည့် အတွက်(Classroom Culture)(ကလပ်စ်ရွမ်းကာချာ)ခေါ် စာသင်ခန်းယဉ်ကျေးမှု မှာလည်း ထိုအတိုင်းပင်ဖြစ် လာခဲ့သည်ဟုဆိုသည် ။

မည်သို့ပင်ဖြစ်စေ ဘယ်လိုတွေးပါ ၊ ဘယ်လိုမြင်ပါဟု ပုံသွင်း လေ့ကျင့်ပေးထားသော အလွတ်ကျက်

မည်သို့ပင်ဖြစ်စေ ဘယ်လိုတွေးပါ ၊ ဘယ်လိုမြင်ပါဟု ပုံသွင်း လေ့ကျင့်ပေးထားသော အလွတ်ကျက် တစ်လမ်းသွား လူသားအရင်းအမြစ်များနှင့် မိမိကိုယ်တိုင်တွေးခေါ်ဆုံးဖြတ်တတ်စေရန် လေ့ကျင့်ပေးထားသောလူသား အရင်းအမြစ်များ၏ သက်ဆိုင်ရာနိုင်ငံအပေါ် အကျိုးပြုမှုသည် များစွာကွာခြားသည်ကိုတွေ့ရသည် ။ ဘယ်လို တွေးပါ ၊ ဘယ်လိုမြင်ပါဟု ပုံသွင်းခံထားသူများသည် (Reproduction)(ရီပရိုဒတ်ရှင်း)ခေါ် သင်ထားတွေ့ကြုံထားသမျှထက်မပိုသည်ကိုတွေ့ရသည် ။

အထူးသဖြင့်ယနေ့တစ်သားတည်းဖြစ်ပေါ်လာသောကမ္ဘာကြီးတွင် (Innovation) (အင်နိုဗေးရှင်းခေါ်) ကြံဆနိုင်မှုများအရေးကြီးရာ (Reproduction)(ရီပရိုဒတ်ရှင်း)သက်သက်ရှိသူများ အလုပ်မဖြစ်နိုင်သည်ကို အရှေ့တိုင်းယဉ်ကျေးမှုနှင့် ယဉ်ပါးနေသူများသတိထားသင့်ပါသည် ။

အထူးသဖြင့် ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတည်ဆောက်ရေးအတွက် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များစွာလိုအပ်လျက်ရှိရာခေတ်ဟောင်း (Conventional) (ကွန်ဗန်ရှင်းနယ်) အယူအဆများသည်များစွာအလုပ်မဖြစ်တော့ကြောင်း အသိပေးလိုရင်းဖြစ်သည် ။

အောင်ထွန်း

ဤဆောင်းပါးသည် (၂၀၀၆ . ၆ . ၉ )ထုတ်‘‘ ခေတ်မြန်မာ’‘ ဂျာနယ်မှ မူရင်းအတိုင်း ပြန်လည် စာစီ၍ ပီဒီအက်ဖ်ပြောင်းကာ ဖော်ပြခြင်းဖြစ်သည် ။ ဆရာ အောင်ထွန်း အားလည်းကောင်း ၊ ‘‘ခေတ်မြန်မာ’’ ဂျာနယ်အားလည်းကောင်း ခွင့်တောင်းခြင်းမရှိခဲ့ပါ ။ ဤသို့ ခွင့်မတောင်းနိုင်သည်မှာလည်း ကျွန်တော်၏ အားနည်းချက်သာဖြစ်ပါသည် ။

သို့သော် ကျွန်တော် ယခုလို ထပ်ဆင့် ‘‘ အခမဲ့ ’’ ပြန်လည် ကူးယူဖော်ပြနေခြင်းကိုလည်း မူရင်းစာရေးသူ ဆရာ ‘‘ ဦးအောင်ထွန်း ’’ မှ လည်းကောင်း ....... ‘‘ ခေတ်မြန်မာ’‘ အဖွဲ့သားများ မှသော်လည်းကောင်း ခွင့်ပြုလိမ့်မည်ကိုလည်း တစ်ထစ်ချယုံကြည်မိပါသောကြောင့် လေးနက်သောစိတ်ထားဖြင့် ဖော်ပြလိုက်ခြင်းဖြစ်ပါ သည် ။

တစ်စုံတစ်ရာအပြစ်တင်ပြောဆိုလိုပါက ..............

နေမျိုးဝေ
ဖုန်း – ၀၉၈၆၁၀၇၁၉

## ကျောရိုးထောင်ချင်သည် နဲ့
## လူကျုံဘော ( ၂၅ . ၉ . ၂၀၀၈ )

၁ ။ အခြေခံပညာဟူသည်
၂ ။ လုပ်သင့်တဲ့အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ်
၃ ။ စာအုပ်ကြီးသမားမွေးမြူရေး
၄ ။ တရားဝင်ငွေကြေးခဝါချခွင့်
၅ ။ ခရမ်းချဉ်ဟာမိုနီ
၆ ။ ဘယ်လုပ်သားကိုဝယ်မလဲ
၇ ။ လူသားအရင်းအမြစ်နဲ့သဘာဝအရင်းအမြစ်
၈ ။ ရှေးဦးမဆွမြုပ်နှံကြ
၉ ။ ကျောရိုးနဲ့စ / လွှတ်တော်နဲ့ဆုံး
၁၀ ။ ဘာတွေပြောပြီးစည်းရုံးမလဲ
၁၁ ။ နေမျိုးဝေ စိတ်ညစ်နေသည်
၁၂ ။ နောက်တိုး

### ၁ ။ အခြေခံပညာဟူသည် ။

အခြေခံပညာကျောင်းများ ဟူသောဝေါဟာရကိုတော့ လူတိုင်းကြားဖူးကြပါတယ် ။ အခြေခံပညာကျောင်း အဆင့်မြင့်ပညာကျောင်း ၊ သက်မွေးဝမ်းကျောင်းတက္ကသိုလ်တဲ့ ။ အားလုံးကြားဘူးကြပါတယ် ။ အခြေခံပညာဆိုတာ ဘာလဲလို့တွေးကြည့်ပါတယ် ။ အခြေခံဆိုတော့ ရှေ့ဆက်ရမဲ့ ဘဝမှာ ဆက်လက်လေ့လာဖို့ ဆက်လက်သင်ကြားဖို့ ဆက်လက်ဆင်ခြင်သုံးသပ်နိုင်ဖို့ ဆိုတဲ့ရည်ရွယ်ချက်ပါနေပါတယ် ။

ဒီနေရာမှာ ကျွန်တော်တို့ လက်တွေ့ကျကျ ဆင်ခြင်ကြည့်ကြပါစို့ ။ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အခြေခံပညာကို ၁၀တန်း ( တက္ကသိုလ်ဝင်တန်း ) အထိ သတ်မှတ်ကြပါတယ် ။ ကျွန်တော်တို့ ကလေးတွေ ကြီးပြင်းလာတဲ့အခါ လူ့လောကမှာ ရပ်တည်ဖို့၊ ဆင်ခြင်စဉ်းစားဖို့ အတွက် ဘယ်လို ဘာသာရပ်တွေက လိုအပ် ပါသလဲ ။ ဘယ်လိုပညာရပ်အမျိုးအစားတွေကို ဘယ်လောက်အထိအခြေခံပါအောင် သင်ကြားထားသင့်ပါသလဲ ။

ဆရာဝန်ဖြစ်မဲ့သူအတွက် စီးပွါးရေးအခြေခံ ဘောဂဗေဒဘာသာရပ်ကို အခြေခံ သင်ဖို့ မလိုဘူးလား ။ အင်ဂျင်နီယာ တစ်ယောက်ဟာ တစ်သက်လုံး ဘောဂဗေဒ ဘာသာရပ်ကို မသိသင့်တော့ဘူးလား ။ ဘောဂဗေဒပညာရှင်တစ်ယောက်ဟာ ဇီဝဗေဒ ၊ သတ္တဗေဒ ၊ ရုက္ခဗေဒ တွေကို လုံးဝမသိတာ ပိုကောင်းပါသ လား ။ ရူပဗေဒဘာသာရပ်ကို သမိုင်းပါမောက္ခတစ်ယောက်ဟာ လုံးဝမသိ သင့်ဘူးလား ။

လားပေါင်းများစွာ မေးခဲ့ပါပြီ ။ မိတ်ဆွေတို့ ဖြေကြည့်ကြဖို့ပါဘဲ ။ ကျွန်တော့်အယူအဆကတော့ ဘဝတစ်သက်မှာ အနည်းငယ်စီသိသင့်တဲ့ ပညာရပ်မျိုး ဘာသာရပ်မျိုး ဖြစ်ခဲ့ပါလျှင် -- အခြေခံပညာအဆင့်မှာ တင် ထိတွေ့ နိုင်အောင် ပြဌာန်း သင်ကြားဖို့ လိုပါတယ်လို့ မြင်တယ် ။

အဲဒီတော့ အခြေခံပညာ ဟူသည် ဘဝတစ်လျောက် သိသင့်သော ပညာရပ်မျိုးကို ထိတွေ့ သင်ကြားသင့်ပါသည်ဟုသာ ကောက်ချက်ချလိုပါသည် ။ ဘယ်လို ဘယ်သာရပ်မျိုးကတော့ ဘဝတစ်သက်တာ မှာ ဗဟုသုတရှိဖို့လိုမလိုကတော့ ဝိုင်းဖွဲ့ စဉ်းစားလိုက်ကြဖို့လိုပါတယ် ။ ကျွန်တော် မဖြေချင်ပါ ။

### ၂ ။ လုပ်သင့်တဲ့အလုပ်နဲ့ မလုပ်သင့်တဲ့အလုပ် ။

တရုပ်နို့ မှုန့်ကိစ္စတွေ ပေါ်လာတော့ မရေးလို့ မဖြစ်တော့ပါဘူး ။ ဒါပေမဲ့ တရုပ် နို့မှုန့်အကြောင်းမဟုတ် ပါ ။ လတ်တလော တရုပ်ကထုတ်တဲ့ တံဆိပ်တစ်မျိုးမှာ မယ်လမင်းပါတယ်ဆိုတဲ့ကိစ္စဟာ တော်တော်ဆိုးပါတယ် ။ ကလေးတွေ အသက်နဲ့ပတ်သက်ပါတယ် ။ ဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စပါဘဲ ။ သို့သော် ဖြစ်နိုင်ပါတယ် ။ နောင်လဲ ဖြစ်လာပါလိမ့်ဦးမယ် ။ ကာကွယ်တားဆီးဖို့ကိုသာ အလေးထားပြောလိုပါတယ် ။ ယခုလတ်တလောကိစ္စလောက်က နည်းပါသေးတယ် ။(စီးပွါးပြဿနာဘက်ကကြည့်ပါမယ်)ကျမ်းမာရေးပြဿနာက သူများတွေကြည့်နေပါပြီ ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်သစ်ကို တည်ထောင်ကြတဲ့အခါ ပထမဆုံး ရင်းနှီးမြုပ်နှံသင့်တဲ့ လုပ်ငန်းတွေ ရှိတယ် ။ နောက်ပြီး ရင်းနှီးမြုပ်နှံမဲ့သူတွေဘက်ကလည်း ရှောင်ကျဉ်ပြီး မမြုပ်နှံသင့်တဲ့ လုပ်ငန်းတွေရှိပါတယ် ။ ထူးဆန်းတာက အဲဒီ ဆန့်ကျင်ဘက် နှစ်ခုလုံးဟာ လုပ်ငန်းပုံစံ တစ်မျိုးထည်းဖြစ်နေတာပါဘဲ ။

အဲဒီလုပ်ငန်းအမျိုးအစားတွေကတော့ ရေရှည်အထားခံပြီး ၊ ဈေးကွက်ထဲမှာ အိတ်စပိုင်ယာဒိတ် (၂) နှစ်လောက် ပေးထားနိုင်တဲ့ တပိုင်းကုန်ချော အသင့်စားသုံးနိုင်တဲ့ ကုန်စည်အမျိုးအစား ထုတ်လုပ်ခြင်းပါဘဲ ။ ဥပမာ အသားဘူး ၊ ငါးဘူး စတဲ့စည်သွပ်လုပ်ငန်းတွေ ။ နွားနို့ ၊ နို့စိမ်း စတဲ့ ပါကင်တွေ ။ နှစ်ရှည်ခံ အခြောက် ပြုလုပ်ထားတဲ့ အစားအစာတွေ ၊ သီးနှံနဲ့ ပတ်သက်တဲ့ စည်သွပ် လုပ်ငန်း တွေပါဘဲ ။

အဲဒီလုပ်ငန်းအမျိုးအစားတွေဟာ အမျိုးသားအကျိုးစီးပွါးကို ရှေ့ရှုပြီး ပထမဆုံးလုပ်ဆောင်သင့်တဲ့ ကုန်ထုတ်လုပ်ငန်းတွေဖြစ်လာပါလိမ့်မယ် ။ စက်ရုံမွေးမြူရေး စက်ရုံ စိုက်ပျိုးရေးတွေနဲ့ တွဲလို့ပေါ့ ။

ဒီနေရာမှာ မျက်ကန်းမျိုးချစ်စိတ်ကို ပယ်လိုက်ရင် ကျွန်တော်တို့ ဗမာတွေကို အပြစ်တင်ရပါတော့မယ် ။ အလွန်တိကျသေချာတဲ့ စည်းကမ်းတွေ ကွာလတီကွန်ထရိုးတွေကို လိုက်နာဖို့ အရေးမှာ ပေါ့ဆကြတာကို မြင်နေရလို့ပါဘဲ ။

မြန်မာ့နည်းမြန်မာ့ဟန်ဟာ ဒီနေရာမှာတော့ ပြဿနာတက်လာပါဘီ ။ ယူဗီဖြတ်တာ ၊ ပိုးသတ်တာ ၊ ပေါင်း တာ ၊ အင်ဖိုင်း ထိမ်းချုပ်တာတွေဟာ မျက်လုံးနဲ့ မြင်ရတဲ့ ပြဿနာတွေမဟုတ်တော့ ကိုရွှေမြန်မာတွေက ပေါ့ဆချင်ကြပါ တယ် ။ ပြဿနာကတော့ကြီးပါတယ် ။ တရုပ်ပြဿနာကိုကြည့်ပါ ။ ကုမ္ပဏီဒေဝါလီခံရပါတော့မယ် ။ ဈေးကွက်ထဲကို ထုတ်ရောင်းချထားတဲ့ အိတ်စပိုင်ယာဒိတ် မကုန်မချင်းရယ် ၊ မသုံးရသေးမချင်းရယ် ရှိနေတဲ့ ပစ္စည်းပမာဏဟာ များပြားပါလိမ့်မယ် ။

အဲဒီပစ္စည်းတွေဟာ နေ့ချင်းညချင်းမှာကိုဘဲ ကုမ္ပဏီအတွက် ပြန်လျော်ပေးရမဲ့ တပြားမှပြန်မရတော့မဲ့ ထွက်ကုန်တွေ ဖြစ်သွားပါဘီ ။ အဲဒီထွက်ကုန်တွေဟာ မသုံးစွဲသင့်တော့ဘူးဆိုပေမဲ့ လေထိုးလေရော် ထုတ်လုပ်ထားတာတွေတော့မဟုတ်ပါဘူး အနည်းဆုံးက လက်ရှိပစ္စည်းရဲ့ ဈေးကွက်ပေါက်ဈေးရဲ့ ၆၀ ရာခိုင်နှုန်းလောက်ကတော့ ကုမ္ပဏီရဲ့ အရင်းတွေပါဘဲ ။ ကုန်ပါဘီ ။ ဒေဝါလီခံလိုက်ယုံပါဘဲ ။

အနာဂတ်မြန်မာ့ကုန်ထုတ်လုပ်ငန်းရှင်တွေ ဒေဝါလီမခံရဖို့မှာတော့ စတင်လုပ်ဆောင်သင့်တာလဲဖြစ် ၊ ရှောင်ရမဲ့ အလုပ်တွေလဲဖြစ်တဲ့ ကြာရှည်ခံ စားသောက်ကုန် ( တပိုင်းကုန်ချောနဲ့ ၊ ကုန်ချော ) ပစ္စည်း ထုတ်လုပ်ငန်းတွေအတွက် ဘယ်လိုမျိုးပြင်ဆင် ဆင်ခြင် စဉ်းစားဖို့လိုမလဲဆိုတာကို အသိပေးလိုပါတယ် ။

ကျွန်တော်တို့ ရဲ့ အနာဂတ် မြန်မာနိုင်ငံရဲ့ ကုန်ထုတ်လုပ်ရေးမှာလည်း ကွာလတီကွန်ထရိုးနဲ့ အကျူရေစီဟာ အရေးအကြီးဆုံး အသက်အပါဆုံး ကြီးပွါးရေးတစ်ခုပါဘဲ လို့ အသိပေးပါတယ် ။

## ၃ ။ စာအုပ်ကြီးသမားမွေးမြူရေး

မြန်မာတွေ မဆလခေတ်ထဲက ပြောတတ်ကြတယ် ။ ဟာ ဒီလူကတော့ စာအုပ်ကြီးသမားဘဲကွ လို့ ။ တိတိကျကျ လုပ်လိုစိတ်ရှိတဲ့သူတစ်ယောက်ကို အပြစ်တင်တဲ့စကားပါဘဲ ။ မှန်ပါတယ် ။ နေရာတကာ မှာ သိပ်ပြီးတိကျချင်တဲ့သူကတော့ အလုပ်မဖြစ်ပါဘူး ။ လူမှုရေးစည်းကမ်းတွေမှာ တိကျနေရင်ပိုဆိုးပါတယ် ။

သို့သော် တစ်ဆံခြည်မလွဲ တိကျရမဲ့ ၊ စက္ကန့်မလွဲ တိကျရမဲ့ ကုန်ထုတ်လုပ်ငန်းတွေနဲ့ ရင်ဆိုင် ယှဉ်ပြိုင်ကြရတော့မဲ့အချိန်မှာ စာအုပ်ကြီးသမားတွေကို ( ကျူစီ ) ခန့်ရပါတော့မယ် ။ စာအုပ်ကြီးသမားတွေကို အပြစ်မြင်အမုန်းပွါးနေတဲ့ မြန်မာ့စိတ်ရင်းတွေကို ကြိုတင် ပြုပြင်ပြောင်းလဲထားချိန်တန်နေပါပြီ ။

စာအုပ်ကြီးသမားမုန်းတီးရေးစိတ်ကနေ စာအုပ်ကြီးသမားတွေကို တန်ဘိုးသိတတ်တဲ့ စိတ်ထားနဲ့ စာအုပ်ကြီးသမားမွေးမြူရေးဟာလဲ မြန်မာ့လူ့ဘောင်အတွက် အမျိုးသားအကျိုးစီးပွါးကို ဖော်ဆောင်ရာမှာ အရေးပါလှတဲ့ အခန်းကတစ်ရပ်အဖြစ်ပါဝင်နေပါကြောင်း အသိပေးလိုက်ပါတယ် ။

## ၄ ။ တရားဝင်ငွေကြေးခဝါချခွင့်

မြန်မာနိုင်ငံတော်သစ်ကြီးရဲ့ လွှတ်တော် သစ်ကြီး စတင်ပေါ်ထွက်လာတဲ့အခါမှာ ကျွန်တော် ပထမဆုံး တင်သွင်းချင်တဲ့ ဥပဒေမူကြမ်းတစ်ခုရှိပါတယ် ။ အဲဒါကတော့ တရားဝင်ငွေကြေးခဝါချခွင့် ပေးနိုင်တဲ့ ဥပဒေကြမ်း ပါဘဲ ။ ကမ္ဘာကြီးမှာ ငွေကြေး ခဝါချတဲ့ ( မန်းနီးလောင်ဒရီကိစ္စ ) ကို တကမ္ဘာလုံးက အပြစ်တင်နေချိန်မှာ ထကြောင်တာ မဟုတ်ပါဘူး ။ နဲနဲ ရှင်းပြပါမယ် ။ နိုင်ငံတကာ ရာဇဝတ်မှုမြောက်တဲ့ နည်းနဲ့ ရထားတဲ့ ငွေမည်းအမျိုးအစားကို မဆိုလိုပါဘူး ။ ကျွန်တော်ပြောချင်တာက ၊ လုပ်ပေးချင်တာက သာမန် အခွန်ရှောင်လွှဲထားတဲ့ ငွေမည်းအမျိုး အစားတွေကို ပြောချင်တာပါ ။

ပကတိအခြေအနေမှာ အချို့သော ငွေကြေး ကြွယ်ဝသူတွေဟာ ငွေမည်းတွေ ရှိနေနိုင်ပါတယ် ။ နောက်ပီး အရင်းသေအဖြစ် မြုပ်နေတဲ့ အက်ဆက်တွေ ရှိနေပါလိမ့်မယ် ။ ကျွန်တော်တို့ က အခုမှ စကြရမှာဆိုတော့ ဒီငွေတွေ အက်ဆက်တွေ မြေပေါ်တက်လာဖို့ လိုပါတယ် ။ လူမြင်ကွင်းမှာ ပေါ်ပေါ်ထင် ပလေးလာဖို့ လိုပါတယ် ။

နောက်တစ်ချက် ကျွန်တော်တို့ ပြည်တွင်း စီးပွါးရေးကွင်းမှာ အနေမချောင်ကြရင် အခြားနိုင်ငံတွေဘက်ကို ကိုယ်ရောင်ဖျောက်ပြီးထွက်သွားနိုင်ပါတယ် ။ အဲဒီလိုသာဖြစ်သွားမယ် ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက် အများကြီးနစ်နာ သွားနိုင်ပါတယ် ။

အဲဒါကြောင့် ဥပဒေ တစ်ခုပြုပြီး အမျိုးသားအကျိုးစီးပွါးဖြစ်မဲ့ ရင်းနှီးမြုပ်နှံမှုတွေ လုပ်ကြရာမှာ ဒီငွေတွေကို ဖွင့်လျှော်ခွင့်ပြုပေးချင်တာပါဘဲ ။ ရင်းနှီးမြုပ်နှံမှုအတွက် ဖွတ်လျှော်ပေးတာပါ ။ ဥပဒေမှာကိုယ်ဘဲ ရင်းနှီးမြုပ်နှံမှု ပမာဏအတိုင်း ကင်းလွတ်ခွင့်တွေ လျှော့ပေါ့ချက်တွေ သတ်မှတ်ပေးတဲ့သဘောပါဘဲ ။

သေချာမတွေးရင် လက်ယာ ကြိုက် ဥပဒေလို့ ထင်ကောင်း ထင်နိုင်ပေမဲ့ လက်ဝဲ အခြေခံ စိတ်နဲ့ တွေးတော တွက်ဆထားပြီးမှ တင်ပြရခြင်းဖြစ်ပါတယ် ။ ရင်းနှီးမြုပ်နှံမှုတွေ များပြားတိုးပွါးလာခြင်းဟာ ကျွန်တော်တို့ ချစ်တဲ့ အလုပ်သမား တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ လုပ်ခလစာတိုးမြင့်လာမှုအတွက် အခြေခံ အကြောင်းတရားပါဘဲ ။

ဒီလို ဆင်ခြင် စဉ်းစားထားပေမဲ့ ကျွန်တော့်အမျိုးထဲမှာ လျှော်စရာ လက်နှီးစုတ်တောင်မရှိတာ ကိုတော့ ယုံကြပါ ။

## ၅ ။ ခရမ်းချဉ်ဟာမိုနီ

လွန်ခဲ့တဲ့ ၂၀၀၆ ကဖြစ်သွားတဲ့ လက်တွေ့ ကိစ္စပါဘဲ ။မှော်ဘီ / တိုက်ကြီး / ဥက္ကံ / သုံးဆယ် ဘက်တွေမှာ ဖြစ်သွားတာပါ ။ ခရမ်းချဉ်သီးတွေ ပေါ်လိုက်တာ အရမ်းပါဘဲ ။ ခြံပိုင်ရှင်တောင်သူတွေ ကိုယ်တိုင် မခူးကြတော့ ပါဘူး ။ ကြိုက်တဲ့သူ အလကားသာယူသွားကြပါတော့တဲ့ အမှန်တကယ် ဖြစ်သွားတာပါမိတ်ဆွေတို့ ။ ထောက်ကြန့် ဈေးအရောက် တစ်ပိဿာမှ ငွေ ကျပ် တစ်ရာ ဘဲ ပေးရပါတယ် ။ ခရမ်းချဉ်သီးတွေ အရမ်းသီးပြီး ပေါ်တာ အပြစ်လားဗျာ ။ ခြံပိုင်ရှင်တွေမှာ အပြစ်မရှိကြပါဘူး ။

အားနည်းတာက ကျုပ်တို့နိုင်ငံထည်းမှာ ခရမ်းချဉ်သီးကို ကြာရှည်ခံ နည်းပညာသုံးပြီး တပိုင်းကုန်ချော မထုတ်နိုင်တာဘဲဗျ ။ အဲဒီလိုပြောတော့ ချီတိုတို့ ဗရာဗိုတို့ လို ခရမ်းချဉ်ဆော့စ် စက်ရုံ တွေ ရှိသားဘဲလို့ မတွေးပါ နဲ့ဦး ။ အမှန် တကယ်စိုက်တဲ့ ခရမ်းချဉ်တောင်သူတွေ မရှုံးသင့်ကြပါဘူး ။ အမှန်ဝယ်လိုအား ရှိဖို့လိုပါတယ် ။

ဒီတော့ ကျုပ်တို့နောက်ထပ် စက်ရုံတစ်ရုံထောင်ပြီး ဝယ်ကြမယ် ။ ဆော့စ် လုပ်ကြမယ်ဗျာ ။ ဟောကျုပ်တို့ စက်ရုံကြီး ခရမ်းချဉ်သီးတွေ ပေါ်ပေါ်ရမလားလို့ ရည်းမှန်းပြီးတည်လိုက်တာ ရပ်လိုက်ရပါရောလားဗျာ ။ တောင်သူတွေက ပထမနှစ်ရှုံးလို့ ဆက်မစိုက်ကြတော့ဘူးတဲ့ ။

အဲဒီတော့ အရေးကြီးတဲ့ ဟာမိုနီ ဆိုတာကို စဉ်းစားကြရတော့မယ် ။ ကန်ထရိုက်ဖမ်းမင်းတွေ လုပ်ဖို့လိုလာပြီဆိုတာကိုပြနေတာဘဲ ။ ကုန်ကြမ်းသီးနှံရိုးရိုးကနေ အချိတ်အဆက်နဲ့ ထုတ်လုပ်တဲ့ စက်ရုံတွေ ကုမ္ပဏီကြီးတွေနဲ့ ပူးပေါင်းဆောင်ရွက် ထုတ်လုပ်တဲ့ ကန်ထရိုက်ဖမ်းမင်းတွေ လုပ်ကြဖို့လိုနေပြီ ။

မိရိုးဘာသာ ကိုယ်ကြိုက်သလို စိုက် ကြ ကြိုက်သလိုရောင်းချကြ ဆိုတာတွေကို ဈေးကွက်စီးပွါးရေးလို့ မြင်ရင်မှားနေလိမ့်မယ် ။ မိမိစိတ်ကြိုက် စိုက်ပျိုးထုတ်လုပ်နိုင်ခွင့်ရှိနေကြရမှာ မှန်ပေမဲ့ ။ ဥပဒေအရမဟုတ်ဘဲ စီးပွါးရေးအရ လွတ်လွတ်လပ်လပ် ပူးပေါင်းဆောင်ရွက်လိုစိတ်မျိုး ဆောင်ရွက်ရကောင်းမှန်းသိကြဖို့လိုတယ် ။

ဆိုရှယ်လစ်စီးပွါးရေး မှာကြတော့ အဲဒီလိုမျိုး ဟာမိုနီ မှာ မလွဲချော်ပေမဲ့ ( ကုန်ကြမ်းနဲ့စက်ရုံမှာ မလွဲချော် ပေမဲ့ ) ကုန်ချောနဲ့ ဈေးကွက်ကတော့ လွဲချော်မှုများပြန်တယ် ။ အဲဒါအပြင် ပုဂ္ဂလိက စီမံခန့်ခွဲ မှုမျိုးမဟုတ်တော့ ကွာလတီကောင်းကောင်းမရနိုင်ကြပြန်ဘူး ။

အဲဒါကြောင့် အကူးအပြောင်း အဆင့်တစ်ခု အကူးအပြောင်းဟာ တော်တော်လေးကို ခက်ခဲပါတော့တယ် ။ လူများစုရဲ့တတ်သိနားလည် လက်ခံကျင့်သုံးမှုမရှိရင် အောင်မြင်မှုနည်းပါးနိုင်ပါတယ် ။ သတင်းဖလှယ်မှု နဲ့ကတိကဝတ်ပြုမှုတွေ ၊ ကြိတ်ဝါးနိုင်နှုန်းနဲ့ ကုန်ကြမ်း ပမာဏ တွက်ချက်မှုတွေ ပါလိုလာပါတယ် ။

နောက်ထူးခြားတာတစ်ခုက – ပြည်တွင်းစက်ရုံ – ပြည်တွင်းကုန်ကြမ်း ဆက်ဆံရေးဟာ ( ပြည်ပစက်ရုံ – ပြည်တွင်းကုန်ကြမ်း ဆက်ဆံရေး / ပြည်ပကုန်ကြမ်း – ပြည်တွင်းစက်ရုံ ဆက်ဆံရေး ) လို မဟုတ်ပါဘူး ။ ကုန်ကြမ်းပေးသွင်းသူဘက်ကနစ်နာလည်း တိုင်းပြည်နာတာပါဘဲ ။ စက်ရုံဘက်က နစ်နာလည်း တိုင်းပြည်ဘဲ နာတာ ပါဘဲ ။ ဒါ့ကြောင့် တတ်ကျွမ်းနားလည်တဲ့ ကန်ထရိုက်ဖမ်းမင်း စက်ရုံအတွဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ အကြောင်းကို စီးပွါးရေးပညာရှင်တွေ လုပ်ငန်းရှင်အကြီးစားကြီးတွေ တောင်သူတွေ စိတ်ဝင်တစားတွက်ဆ အဖြေထုတ်ထားဖို့ အချိန်ကျရောက်နေပြီဖြစ်ကြောင်း ခရမ်းခဉ်ဟာမိုနီမှ အသိပေးလိုက်ပါတယ် ။

## ၆ ။ ဘယ်လုပ်သားကိုဝယ်မလဲ

အလုပ်ရှင်တွေအတွက် မေးခွန်းလေးတွေ မေးချင်ပါတယ် ။ ခေတ်ပြောင်းပါတော့မယ် ။ မိမိတို့ လုပ်ငန်းမှာ အသုံးဝင်မဲ့ လူမှန်နေရာမှန် ဆိုတာလဲ ပြောင်းလဲ သွားစရာရှိပါတယ် ။ အဆင်ပြေတဲ့သူ အလုပ်ဖြစ်တဲ့ခေတ် ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ် ။ အမှန်တကယ် လုပ်ငန်းအမျိုးအစားနဲ့ အရင်တုံးက အဆင်ပြေတယ် ဆိုတဲ့ နေရာက လူတွေဟာ အနာဂတ်မှာ အဆင်ပြေချင်မှ ပြေလာပါလိမ့်မယ် ။ ကာလတွေ ပြောင်းတော့မှာကိုး ။

ဒါကတော့ လုပ်ငန်းရှင်တွေ အတွက်ပါ ။

အလုပ်သမားတွေအတွက်ပြောရရင်လည်း –– ငွေကြေး အင်အားတောင့်တင်းသူ လုပ်ငန်းရှင်တွေဟာ ( အွန်ဂျော့ထရိန်နင် ) တွေနဲ့သင်လည်းသင် လစာလည်း ရ တဲ့ အခြေအနေမျိုးတွေ ဖန်တီးပြီး လုပ်သားကောင်းတွေ မွေးမြူပေးခြင်း ၊ လုပ်ငန်းလုပ်ကိုင်ခြင်းဟာ သူဌေးတွေ လုပ်တဲ့ စီးပွါးရေးလုပ်ငန်းထဲက အမျိုးသား အကျိုးစီးပွား တစ်ခုပါဘဲ ။ စီးပွါးရေးလုပ်ရင်း အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်လိုက်ကြတာပါဘဲ ။

ရစ်ခ် ယူ ပြီး လုပ်ငန်းတွေ ထူထောင်ကြခြင်း ။ လုပ်သားတွေ မွေးမြူကြခြင်းအပြင် ... ယခင် ဥခွံအဟောင်းပုံစံ လုပ်သားစရိုက်မျိုးကို မမွေးမြူဘဲ ဖောက်ထွက်တွေးတောနိုင်တဲ့ အခေါ်အပြောမလိုတဲ့ မန်နေဂျာလောင်း စိတ်ထားမျိုးရှိတဲ့ လုပ်သားတွေကို သုံးစွဲတတ်ကြဖို့ နှိုးဆော်လိုက်ရပါတယ် ။

## ၇ ။ လူသားအရင်းအမြစ်နဲ့သဘာဝအရင်းအမြစ်

ကျွန်တော် သိပ်တတ်နေလို့ လျှောက်ပြောနေတာမဟုတ်ပါ ။ ပညာရှင်တွေ ကိုယ်တိုင် အသုံးချစီးပွါးရေး ၊ အသုံးချ ပညာရေး ၊ အသုံးချ နိုင်ငံရေး ဖြစ်လာစေဖို့ စေ့ဆော်နေတာပါ ။ အခုကိစ္စ လူစွမ်းအားအရင်းအမြစ်နဲ့ သဘာဝအရင်း အမြစ်ဆိုတော့ ကျွန်တော် နဲ့ မနိုင်ရင်ကာ ရှိလွန်းပါတယ် ။ သို့သော် ပညာရှင်တွေ လက်ရှိမနေကြဖို့ စေ့ဆော်တဲ့အနေနဲ့ ရေးလိုက်ရတာပါ ။ ပုံစံသစ်မြန်မာနိုင်ငံဟာ ပုံပေါ်လာမှာ မလွဲပါဘူး ။ ဒီတော့ ကျွန်တော်တို့ နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေကို ဆာဗေးလုပ်ထားဖို့လိုနေပါပြီ ။ သဘာဝအရင်းအမြစ်တွေကိုလည်း မျက်စောင်းထိုးကြည့်ထားသင့်ပါတယ် ။

အသက်အရွယ်အပိုင်းအခြား ( ၁၆ နှစ် မှ ၃၅ ) ထိ လူဦးရေ ၊ ( ၃၅ – မှ ၆၀ ) ကြားလူဦးရေ ကျား၊မ ၊ ၄င်းတို့ရဲ့ ပညာအရည်အချင်း ၊ လက်တွေ့ပိုဆန်ဖို့ဆိုရင် နဂို ရှိရင်းစွဲ ကျွမ်းကျင်မှု တွက်ချက်တိုင်းတာထားဖို့ လိုနေ ပါပြီ ။

သဘာဝအရင်းအမြစ်တွေ ဘယ်နေရာမှာ ဘယ်လောက် ဘာတွေ ရှိနေသလဲ ။ ဆာဗေးလုပ်ထားပြီးသားတွေ လုပ်ရန်တွေ ဟာ တာဝန်တွေဖြစ်လာနေပါပြီ ။ ဘယ်သူတွေ လုပ်ကြမှာလဲ ။ ဘယ်တော့ လုပ်ကြမှာလဲ ။ ဘယ်လောက်လုပ်ထားပြီးပြီလဲ ။

အဲဒါတွေ မသိဘဲ မရှိဘဲ အနာဂတ် နိုင်ငံကို ဘယ်လိုတည်ဆောက်ကြမလဲ ။ ဘယ်လောက် တိုးတက်ပြောင်းလဲသွားအောင်လုပ်နိုင်မလဲ ။

မေးခွန်းတွေသာဖြစ်ပါကြောင်း ။

## ၈ ။ ရှေးဦးမဆွပြုပ်နှံကြ

အထက်ပါ တိုင်းတာတွက်ချက်မှုတွေရှိထားပြီးမှသာ ဘယ်လို လုပ်ငန်းအမျိုး အစားတွေကို ပထမဆုံး ရင်းနှင်းမြုပ်နှံသင့်တယ် ။ ဘယ်အရာကို ဘယ်လောက်ပမာဏ မြုပ်နှံသင့်တယ်လို့ ဆွေးနွေး ညှိနှိုင်းတိုင်းတာ တွက်ချက်နိုင်ပါလိမ့်မယ် ။

## ၉ ။ ကျောရိုးနဲ့စ / လွှတ်တော်နဲ့ဆုံး

အဲဒီတော့ အဲဒီလို စဉ်းစားတွေးတော တိုင်းတာတွက်ချက် ဖို့ဆိုတာဟာ မေးခွန်းတွေ နဲ့ အရင်စရ ပါမယ် ။ ကျောရိုးတစ်ခုထောင်ရပါမယ် ။ စီးပွါးရေးပြဿနာများဖြေရှင်းခြင်းကျောရိုး ။ စီးပွါးရေးလုပ်ငန်းစုများ ထူထောင်ရေးကျောရိုး ၊ ပညာရေးမူဝါဒများ ဆင်ခြင်စဉ်းစားရေးကျောရိုး ..... မေးခွန်းတွေ ဝိုင်းမေးကြ ၊ အဖြေတွေ ဝိုင်းထုတ်ကြ လုပ်ကြရပါလိမ့်မယ် ။

သို့သော် အဖြေကတော့ အမျိုးမျိုးထွက်ပါလိမ့်မယ် ။ ဆုံးဖြတ်ချက်တွေကတော့ လွှတ်တော်ထဲမှာ ငြင်းခုံ မဲပေးပြီးမှ ကျလာပါလိမ့်မယ် ။

လွှတ်တော်နဲ့ ဆုံးကြဖို့ ယခုချိန်အခါမှာဘဲ ကျောရိုးနဲ့ စလိုက်ကြပါစို့ ။

## ၁၀ ။ ဘာတွေပြောပြီးစည်းရုံးမလဲ

အပေါ်ကအကြောင်းတွေကို ပြောပြီး ကိုယ့်အယူအဆတွေကို ပြောပြီး စည်းရုံးကြပါ ။ စီးပွါးရေးအပေါ် ကိုယ့်အမြင် ၊

ပညာရေးအပေါ် အမြင် ၊ အနာဂတ်မှာ ကိုယ်အကောင်အထည်ဖော်ချင်တဲ့ ပုံစံ ဒါတွေပြောပြီး စည်းရုံးတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုဘဲ မြင်ချင်ပါတယ် ။

တစ်ယောက်ကို တစ်ယောက် ရန်ဖြစ်ပြီး စည်းရုံးရေးဆင်းတာမျိုး ရှောင်ကျဉ်ကြပါစေကြောင်း ..........

## ၁၁ ။ နေမျိုးဝေ စိတ်ညစ်နေသည်

၂၀၁၀ ရွေးကောက်ပွဲကို ဖျက်ဖို့ ကြံစည်နေသည်ကိုကြားရသည် ။
တစ်ခုပြီးတစ်ခု ကို ဖျက်ချင်နေသည် ။
ခံတပ်တွေ တစ်ခုပြီးတစ်ခု ကျိုးပျက်လာနေသည် ။
ပထမခံတပ် ပျက်သည် တစ်ဖက်က စာချုပ်ထိုးပေးသည် စစ်ပြေငြိမ်းရေးစာချုပ် ။
ဖတ်ကြည့်သည် မကြိုက် ။ မုန့်ဆီကြော် .......... နင့်ဘက်ပါသည် ........ တမုံ ........... ။
ဒုတိယခံတပ် .... ကျိုးပြန်သည် ...... စာချုပ် .......... လာပြန်ပြီ ။
ဖတ်ကြည့်သည်မကြိုက် ။ ........................ ............................... ........................... ။ ဘူး ။
တတိယခံတပ် .........
အရင်အတိုင်းဘဲ ထပ်ဖြစ်သည် ။
စာချုပ် ... ( အရင်အတိုင်းဘဲ တုံ့ပြန် )
စတုတ္ထ ခံတပ် ကျိုးသည် .......... ဟားဟား ... မသေ ဘူးကွ ။
ပထမခံတပ်ဟောင်းကို ပြန်သွားသည် ။
လူကမရှိတော့ ၊ ရိက္ခာ ပြတ်လေပြီ ။
စာချုပ် လာပြန်ပြီ ။
ဟိုး ယခင် ၁၉၄၇ က အတိုင်းဖြစ်သည် ။
နှစ်တွေကြာခဲ့ပြီ ။
မထူးတော့ .................
ဇရဲငုတ်တွေထောင်သည် ..........
ဖြစ်ချင်ရာဖြစ်တော့ ............. လှေခွက်ချည်းကျန်အလံမလှဲနဲ့ ဟေ့ ..........
ဥက္ကဋ္ဌဟောင်းလှေခွက်ဖြစ်သည် .........
မြန်မာကွ ...........
ခက်သည် ..............
သူကလည်း မြန်မာ ဖြစ်သည်ကို မေ့နေတာဖြစ်သည် ။

နေမျိုးဝေ စိတ်ညစ်လာသည် .....

စာတွေရေးသည် ..........
ဖြန့်သည် ...............
အမြင်တူသူတွေ တွေ့ရသည် ................ မဆိုးလှ
သို့သော် သာမန်ပြည်သူတွေ ဖြစ်သည် ။
စာတွေ ပြန်ကြသည် ။
ပေါ်လက်တီမကယ်တွေ ကော ကယ်တွေကော ပြန်သည် ။
တချို့ကထောက်ခံသည် ။ တချို့က ကန့်ကွက်သည် ။

ဆဲသည် ။ ရပါသည် ။
ကိုကိုလင်းနဲ့ တောသားကလေးမောင်လူအေး ကတော့ စာရှည်ရှည်ရေးသည် ။
ကိုကိုလင်းက ပထမတော်တော်ဆဲသည် စိတ်ညစ်စရာကောင်းသည် ။

ဆဲလို့ စိတ်ညစ်တာမဟုတ် ။
ဆဲတာလောက်ဘဲတတ်သည်
တခြားဘယ်လိုမှ သုံးသပ်နိုင်စွမ်းမရှိ
နောက်ပြီး နိုင်ငံရေးသမားအမည်ခံထားလို့ဖြစ်သည် ။
ပြည်သူတွေကို ဘာမှ မလုပ်နိုင်းတတ် ။
သူ့နောက်က လိုက်လုပ်မဲ့သူကိုလည်း ..... သူရှာမတွေ့ ...........
နောက်တယောက် တောသားကလေး မောင်လူအေး ဖြစ်သည် ။
စာတွေတော်တော် ရှည်ရှည်ရေးသည် ။
ခက်တာက ကိုယ်က အရှေ့အကြောင်းပြောလျှင် သူက အနောက်အကြောင်းကို ဝေဖန်သည် ။
ဘယ်ဘက်ကအကြောင်းကို ရှင်းလျှင် ညာဘက် အကြောင်းကိုနားလည်ပြသည်။
နေမျိုးဝေစိတ်ညစ်နေသည် ။

ဟော ...................
ဦးဘိုလှတင့် + ဒေါက်တာလွမ်းဆွေ ဦးကျော်ဇံသာကို ငှားလို့
လွမ်းဘိုသာ ပရောဂျက်ကြီးရေးပြန်ပြီ ။
ညစ်စရာတွေပြန်ပြီ ။
သတင်းစာ ဆရာကြီးဦးဝင်းတင် လွတ်လာပြီ ။
ဝမ်းသာစရာကောင်းသည် ။
သို့သော် ဆရာကြီးက ကလေးလို စိတ်ကောက်ပြနေသည် ။
ပြန်ဝင်မည်တကဲကဲလုပ်နေသည် ။
မီဒီယာတွေက ဝိုင်းပြုံဖျူးသည် ။
အန်အယ်လ်ဒီအနာဂတ်အကြောင်းဖြစ်လာပြီ ။ .......................
စစ်တပ်ကို ကျွန်တော်မကြိုက်တာ တစ်ခုရှိသည် ။
နိုင်ငံရေးနားလည်လွန်းနေသည် ။
လူကြုံဘော ဖမ်းပြီး ကစားတတ်နေသည် ။
မီဒီယာတွေ မှာ လဒူ အချို့ သုံးသပ်သည် ။ ပြည်ပဖိအားတွေကြောင့်လွှတ်သည်တဲ့ ။
တပ်က အဲဒါကို စောင့်နေခြင်းဖြစ်သည် ။
အမျိုးသားရေးကို ရှေ့ရှုသော နိုင်ငံရေးသမားများ စစ် မစစ်
လူစစ်ချင်တာပါ ပါလာသည် ။
ရိုးရိုးမစစ် ။
လူကြုံဘောနဲ့ စစ်သည် ။ ဒူ သူ ကျွံမည် ။ စေတနာ မမှန်လျှင် ကျွံမည် ။ ........................

နိုင်ငံရေးနယ်မှာ ကျွန်တော့်ဆရာတွေ ရှိသည် ။
သူတို့က မသိ
ကျွန်တော့်ဖာသာ ဆရာတင်ထားခြင်း ဖြစ်သည် ။
သူတို့စာတွေကို ဖတ်ရသောကြောင့်ဖြစ်သည် ။

ယခု အကွက်သည် လူစစ်ကွက်ဖြစ်သည်ကို ............
ကျွန်တော့်ဆရာတွေ သိမသိ မသေချာလှ ။
ဦးဝင်းတင်နဲ့ ဘယ်လိုပူးပေါင်းကြမလဲ .....
ဦးဝင်းတင်ဘက်က အယူအဆပြောင်းသလား .........
ကျွန်တော့်ဆရာတွေကဝိုင်းပြောင်းပေးမလား ....
လူစုံလို့ နဂို ဘုံ ကို ပြန်ကြွကြ မလား ...........
တာ့ ........... တာ့ .......................................
နောက်ဆုံး ...................
အဆုံးအဖြတ်ဖြစ်ချေသည် ................
ခါးပိုက်ထဲမှာ မြွေပွေးရှိမရှိစစ်သော တပ်မတော်အစိုးရ၏ နောက်ဆုံး အိပ်ယာဝင် စစ်ဆေးနည်းဖြစ်တော့သတည်း ။

ပြောခွင့်ရလျှင် ဤသို့ပင် မလုပ်စေချင်
အဝါကတ်တွေ တသီကြီးပြပြီး ပွဲ ပြီးသည်အထိ မနီအောင် ထိမ်းကစားသွားစေ သောနည်း နှင့်သာ ဆက်ဆံစေချင်သည် ။ အဘယ့်ကြောင့်ဆိုသော် ..................................
လွှတ်ထားလျှင် တန်း နီ တတ်သည် ။
လူလစ်လျှင် ကျွံတတ်သော မြန်မာ့သတ္တိကြောင့် ပြောရခြင်းဖြစ်သတည်း ။

ရှေ့ဆိုင်ကြော်ညာတစ်ခု ...........
ထက်ထက်မိုးဦးကပြောသည် “ ကျွန်မကိုချစ်ရင်မောင်ကြီးရယ် ဝယ်ပေးပါလား ”
“ ငါ့မှာရှိတဲ့ပိုက်ဆံလေးနဲ့ ဘယ်လိုလုပ်ပြီးရမှာတုံးဟ ” ဒွေးကပြန်ပြောသည် ။
“မထက်” ဘယ်လိုလုပ်လိုက်သည်မသိ ...... “ ရော့ရော့ ကြိုက်သလောက်သာယူပေတော့ ” တဲ့

အမျိုးသားအကျိုးစီးပွါးကို ရည်မျှော်သော
နေမျိုးဝေ
( ၂၅ . ၉ . ၂၀၀၈ )

## ၁၂ ။ **နောက်တိုး ။**

တပ်မတော် ခေါင်းဆောင်ပိုင်းကို လူကျွံသော ဖမ်းကစားသည်ဟု ကျွန်တော်အပြစ်တင်ထားတာ မှားသွား ပါပြီ ။ ယနေ့ ၂၆ . ၉ . ၂၀၀၈ မြန်မာ့အလင်းသတင်းစာတွင် “ မြန်မာနိုင်ငံရဲချုပ်နှင့်အဖွဲ့က အမျိုးသား

ဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့အားခေါ်ယူတွေ့ဆုံသတိပေးပြောကြား ” ဟူသော သတင်း တစ်ပုဒ်ပါလာသည့်အတွက် စစ်တပ်က လူကျွံဘောဖမ်းကစားခြင်းမဟုတ်တော့ ။ အဝါကဒ်သာ ပြ၍ ပွဲပြီးသည်အထိ တစ်ဘက်အသင်းကို ထိမ်းသိမ်းခေါ်ယူ ကစားသွားသော စိတ်ထားကို တွေ့လိုက်ရသည် ။

ဆောရီးပါ ....................

နေမျိုးဝေ

( ၂၆.၉.၂၀၀၈ )